# လော်ဝေါ်(မရူ)လူမျိုးများ
# နေထိုင်ဆင်းသက်လာပုံ နှင့် သိကောင်းစရာများ




စုဆောင်းတင်ပြသူ

ဦးလဂန်ဒေါင်ပေါင်း

# လော်ဝေါ် (မရူ) လူမျိုးအထိမ်းအမှတ်ပုံ



**၁။ လော်ဝေါ်ရိုးရာယဉ်ကျေးမှုအထိမ်းအမှတ်** – *လော်ဝေါ်လူမျိုးရိုးရာယဉ်ကျေးမှုအထိမ်းအမှတ်အဖြစ်* (Laban Byao) *"လဘမ်ဘရော်"ခေါ် လွယ်ကြိုးကွင်းတွင် ကျားစွယ်တပ်ထားသော ဓါးလွယ်နှင့် ကြက်ဖပုံပါရှိသော အထိမ်းအမှတ်တံဆိပ် သတ်မှတ်ထားရှိပါသည်။ ၎င်းအထိမ်းအမှတ်တံဆိပ်၏ အဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။*

## (က) ဓါး

*(၁) လော်ဝေါ်လူမျိုးများ၏ နေ့စဉ်လူနေမှုဘဝတွင် ဓါးသည် မရှိမဖြစ်သော အသုံးအဆောင်ဖြစ်ခြင်း။*

*(၂) လော်ဝေါ်လူနေမှု ဘဝရိုးရာယဉ်ကျေးမှုတွင် ဓါးကိုမပါမဖြစ် မပြတ်တမ်း အသုံးပြုလာခြင်း။*

*(၃) ဓါးဖြင့် မိမိတို့ မိသားစု၊ မိမိကျေးရွာ၊ မိမိဒေသတို့၏ အကျိုးပြုလုပ်ငန်းကို ဆောင်ရွက်ခြင်း။*

## (ခ) ကြက်ဖ

*(၁) နေ့၊ ည အချိန်ကာလကို ကြက်သွန်သံဖြင့် ပိုင်းခြားသိရှိနိုင်ပြီး လုပ်ငန်းဆောင်ရွက်လာခဲ့ခြင်း။*

*(၂) ကြက်သည် ဥမှပေါက်သည်နှင့် မိမိခြေထောက်ကို မိမိရပ်တည်ပြီး ကိုယ့်အားကိုယ်ကိုး သွားလာ ရှာဖွေစားသောက်သကဲ့သို့ လော်ဝေါ်လူမျိုးများသည် ကိုယ့်အားကိုယ်ကိုးဖြင့် ရပ်တည်လာခြင်းကို ဖေါ်ညွှန်းသည်။*

# လော်ဝေါ်(မရူ)လူမျိုးများ နေထိုင်ဆင်းသက်လာပုံ နှင့် သိကောင်းစရာများ

**၁။ အမည်နာမ** – *လော်ဝါ် လူမျိုးများ၏ မူလအမည်အရင်းမှာ "လော်ဝေါ်" ဟူ၍ပင်ဖြစ်သည်။ "လော်" ဆိုသည်မှာ "မြောက်အရပ်"၊ "ဝေါ်" ဆိုသည်မှာ "ရောမအုပ်စု" ဟု အဓိပ္ပါယ်ရသည်။ သို့ဖြစ်ပါ၍ အဓိပ္ပါယ် အပြည့်အစုံမှာ မြောက်ဘက်အရပ်မှ ရောမလူအုပ်ကြီးဟု အဓိပ္ပါယ်ရသည်။ လော်ဝေါ် လူမျိုးများ ၏ အမည်နာမကို အခြားတိုင်းရင်းသားများ ဘာသာစကားဖြင့် ခေါ်ဆိုသုံးနှုန်းပုံမှာ တရုတ်ဘာသာစကားဖြင့် "လန်စု"၊ လာချိတ်ဘာသာစကားဖြင့် "လန်ဝူ"၊ ဇိုင်ဝါးဘာသာစကားဖြင့် "လန်ဝါး"၊ လီဆူ ဘာသာစကားဖြင့် "ချော်ဖ"၊ ဂျိန်းဖေါ့ဘာသာစကားဖြင့် "မရူ" ဟု၍ ခေါ်ဝေါ်ကြပါသည်။ "မရူ" ဆိုသည့် အသုံးအနှုန်းမှာ ဂျိန်းဖေါ့ဘာသာစကားဖြင့် ခေါ်ဝေါ်သုံးနှုန်းခြင်းဖြစ်ပြီး ကိုလိုနီခေတ်ကာလတလျှောက် သုံးနှုန်းရေးသား မှတ်တမ်းတင်လာသည်ကို တွေ့ရှိရပါသည်။ သို့သော် လော်ဝေါ်နှင့်မရူသည် သီးခြားစီ မဟုတ်ဘဲ တစ်မျိုးတည်းသာ ဖြစ်ပါသည်။*

**၂။ ဆင်းသက်လာပုံ** – *လော်ဝေါ် လူမျိုးများသည် အောက်ပါဒေသများတွင် နေထိုင်လာခဲ့ကြောင်း နှုတ်တိုက်ရာဇဝင်အရလည်းကောင်း၊ "ထူဂျီ" ခေါ် နှုတ်ဟောဆရာများ၏ ဂါထာအလင်္ကာဖြင့် အစဉ် အဆက် လက်ဆင့်ကမ်း ဟောပြောလာခဲ့ကြပါသည်။*

(က) Byu byo Ng-laung: bam mug: *ဗျူဗျော်ငလောင်ဘမ်ခေါ်မွန်ဂိုလီးယားဒေသ*

(ခ) Jadang Jalo mug: *တိဘက်ကုန်းမြင့်ဒေသ*

(ဂ) Zo: Laung" Varang: gaung: mug: *ဇော်လောင်ဝရန်ဂေါင်ဒေသ*

(ဃ) Dang Gi Lu Khu" Phu Lu: Phu La" mug:- L-mae Da-e mug: *ဒန်ဂီလူခူး၊ ဖူလူဖူလားမုတ်ဒေသ*

(င) Caung: De: Ngo Yo mug: *ချောင်ဒေငေါ့ယော်မုတ်ဒေသ*

(စ) Jao: Mo" Laug, Keim Zo: mug: *ဂျောမောလောက်ကွမ်ဇော်မုတ်ဒေသ*

(ဆ) *ထိုမှတဆင့် ဆော့လော်၊ ချီဖွေ၊ ဆွမ်ပရာဘွမ်၊ အင်ဂျန်းယန်၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ ဖားကန့်၊ မိုးညှင်း၊ မိုးကောင်း၊ မန်စီ နှင့် ရှမ်းပြည်နယ် မိုးမိတ်၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ ဟိုပန်၊ သိမ်နီ နှင့် ရှမ်းပြည်တောင်ပိုင်း ဒေသအသီးသီးသို့ ပျံ့နှံ့ နေထိုင်ကြသည်ကို ယနေ့ တွေ့မြင်ရပါသည်။*

**၃။ မျိုးနွယ်ပေါက်ဖွါးဆင်းသက်လာပုံ** – *လော်ဝေါ် (မရူ) မျိုးနွယ်စုဝင်များသည် ဘိုးစဉ်ဘောင်ဆက် မိမိတို့ မျိုးနွယ်စုများ နေထိုင်ခဲ့သောဒေသ၊ ပေါက်ဖွါးလာပုံ အဆင့်ဆင့်ကို နှုတ်တိုက် ရွတ်ခြင်း၊ သေဆုံးသူ၏ လိပ်ပြာပို့ရာတွင် နတ်ဟောတရားများမှ အလင်္ကာ၊ ဂါထာ စကားဖြင့် ဘိုးစဉ် ဘောင်ဆက် မွေးဖွါးရာဒေသအဆင့်ဆင့် ရွတ်ဆိုပို့ဆောင်သည်ကို ယနေ့ထက်ထိ လက်ဆင့်ကမ်း သင်ကြားမှတ်သား လာခဲ့ကြပါသည်။ ယနေ့ မိမိတို့ မည်သည့်ဒေသအရပ်တွင် ရောက်ရှိနေထိုင်စေကာမူ*

မိမိတို့ အဆင့်ဆင့် နေထိုင်ခဲ့ရဒေသ၊ မြို့ရွာများ၊ မျိုးနွယ်စုမွေးဖွါးလာပုံတို့ကို မိတ်ဖွဲ့ရွတ်ဆိုခြင်းအားဖြင့် အဘိုး၊ အဘွား၊ အဖေ၊ ဦးကြီး၊ ဦးလေး၊ အဒေါ်၊ အစ်ကို၊ သား၊ မြေး၊ မြစ်၊ တီ၊ တွဒ် စသည့် တော်စပ်ပုံတို့ကို မိတ်ဖွဲ့ရွတ်ဆို နိုင်ကြပါသည်။ အမည်နာမ မှည့်ခေါ်ပုံမှာလည်း ကျား၊ မ အလျောက် ကြီးစဉ်ငယ်လိုက် ပုံသေအမည် သတ်မှတ်ထားကြပါသည်။ လူနေမှုဘဝတွင် ဖသားစုကို အဓိကထားရှိကြသဖြင့် အဖေ၏ နောက်ဆုံးအမည် ကို သားသမီးများ၏ အမည်ရှေ့တွင် ထားရှိကာ သတ်မှတ်မှည့်ခေါ်ကြပါသည်။ ဉပမာ အမည်ခေါ်ပုံမှာ– ခေါင်လွမ်း – လွမ်းခေါင်၊ ခေါင်ဇယ် – ဇယ်ဟောင်း၊ ဟောင်းဇောင်း – ဇောင်းဒိုင်၊ ဒိုင်ဂျုံး – ဂျုံးထော၊ ထောခေါင် စသည်ဖြင့် မှည့်ခေါ်ကြပါသည်။ လော်ဝေါ် မျိုးနွယ်စုများ မွေးဖွါးဆင်းသက်လာပုံ ခေတ်အဆက် ဆက် မျိုးနွယ်အဆင့်ဆင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) Gyoe ဂျွယ် – ဖန်ဆင်းရှင် တန်ခိုးရှင်ကာလ

(ခ) Kh-qae Chad' ခရယ်ချပ် – အမှောင်ထု လွှမ်းမိုးနေသောကာလ

(ဂ) Cad' dam: bo" dam: ချပ်ဒမ်ဘောဒမ် – အမှောင်နှင့်အလင်း ရောနှောပိုင်းခြားသောကာလ

(ဃ) Jhaung qham byu zai cad' ကျောင်ဟမ်ဗျူဇိုင်ချပ် – လူနှင့်သက်ရှိ စတင်သောကာလ

(င) Gyoe zo: so zo: ဂျွယ်ဇော်စော်ဇော် – လူဟု သမိုင်းစတင်သောကာလ

(စ) Sam sao sam taung ဆပ်စော်ဆမ်တောင် – ကမ္ဘာကို ရေလွှမ်းမိုးသောကာလ

(ဆ) So maung so nhae စော်မောင်စော်နေ – ရေဘေးမှ လွတ်မြောက်သူ ဇနီးမောင်နှံ

(ဇ) Labyu Lanhae လဗျူလနေ – အိမ်ထောင်အစ မိသားစု ဖွဲ့စည်းလာသောကာလ

(ဈ) Byu caung: mug: ဗျူချောင်မုတ်

(ည) Mug; mhaug' lam မုတ်မောက်လမ်

(ဋ) Maug lam gam မောက်လမ်ဂမ်

(ဌ) Gam lam jhab' ဂမ်လတ်ကျပ်

(ဍ) Jhab' qu yo ကျပ်ရှုယော်

(ဎ) Qu yo shi: ရှုယော်ရှီ

(ဏ) Shi gyo" ai ရှီဂျော်အိုင်

(တ) Ai lai m-khyad' အိုင်လိုင်မချပ်

(ထ) Makhyad' qug! မချပ်ရုတ်

(ဒ) Qug: zo: xao ရုတ်ဇော်စော်

(ဓ) Xao zo: byu စော်ဇော်ဗျူ

(န) Byu zo: te: ဗျူစော်တေ

(ပ) Te: mung yug, တေမုန်ရုတ် စသည်ဖြင့် ယနေ့မိမိအမည်နာမအထိ လော်ဝေါ် လူမျိုးသားတိုင်း ရွတ်ဆိုနိုင်ကြပါသည်။ တေမုန်ရုတ်သည် လော်ဝေါ် မျိုးနွယ်စုများ၏ ဘိုးအေဖြစ်ပြီး ၄င်း၏သား(၉)ဦးမှ လော်ဝေါ် မျိုးနွယ်စုကြီး (၁၇)နွယ် မွေးဖွါးလာခဲ့ပြီး တစ်နွယ်ချင်းကို “နေ”ခေါ် မျိုးနွယ်တစ်ခုဖြင့် ခေါ်ဆိုလာခဲ့ကြပါသည်။ နေ တစ်ခုတိုင်းတွင်လည်း မွေးချင်းညီအစ်ကို အိမ်ထောင်စုအမည် မြောက်များစွာ

မွေးဖွါးမှည့်ခေါ် လျှက် ရှိပါသည်။ ၄င်း နေ (၁၇)နွယ် မွေးဖွါးပြန်နှံ့လာပုံကို Gug, Mo" Zo: Gug, Meim Qid ဟု တင်စားခေါ်ဝေါ်လာကြပါသည်။ အဓိပ္ပယ်မှာ (၉)ဦးမှ မွေးဖွါးလာသော မျိုးနွယ်များ၊ မြစ်ကြီး (၉)သွယ်မြစ်ဖျားခံရာဒေသမှ မွေးဖွါးလာသူများဟု အဓိပ္ပါယ်ရပါသည်။ တေမုန်ရုတ်၏သား (၉)ဦးမှ မွေးဖွါးလာသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | Yug, Mung Cam | ရုတ်မုန်ချမ် | – လနွေ မျိုးနွယ်စုများ |
| ( ခ ) | Yug, Mung Khyaug' | ရုတ်မုန်ချောက် | – လဖေါက် မျိုးနွယ်စုဝင်များ |
| | | | – ဖေါက်နွေ မျိုးနွယ်စုဝင်များ |
| ( ဂ ) | Yug, Mung Gyan" | ရုတ်မုန်ဂရိုင်း | –ဇန်နွေ မျိုးနွယ်စုဝင်များ |
| (ဃ) | Yug, Mung Zag | ရုတ်မုန်ဇိုက် | – ရနွေ မျိုးနွယ်စုဝင်များ |
| | | | – ရလမ်းနွေ မျိုးနွယ်စုဝင်များ |
| ( င ) | Yug, Mung Thang | ရုတ်မုန်ထန် | – ရော်နွေ မျိုးနွယ်စုဝင်များ |
| ( စ ) | Yug, Mung Thaug' | ရုတ်မုန်ထောက် | – မျှော်နွေ မျိုးနွယ်စုဝင်များ |
| (ဆ) | Yug, Mung Fo! | ရုတ်မုန်ဖော့ | – တောင်နွေ မျိုးနွယ်စုဝင်များ |
| | | | – ထန်နွေ မျိုးနွယ်စုဝင်များ |
| | | | – ဆော်နွေ မျိုးနွယ်စုဝင်များ |
| ( ဇ ) | Yug, Mung Phyug, | ရုတ်မုန်ဖြုတ် | – ဘာနွေ မျိုးနွယ်စုဝင်များ |
| | | | – ချော်နွေ မျိုးနွယ်စုဝင်များ |
| | | | – ခါးနွေ မျိုးနွယ်စုဝင်များ |
| | | | – ဘောနွေ မျိုးနွယ်စုဝင်များ |
| | | | – ခေါင်နွေ မျိုးနွယ်စုဝင်များ |
| ( ဈ ) | Yug, Mung Aung | ရုတ်မုန်အောင် | – ဂဲလ်လန်းအောင် လောက်နွေ မျိုးနွယ်စုဝင်များ တို့ဖြစ်ပါသည်။ |

မြစ်ကြီး (၉)သွယ်ဆိုသည်မှာ မိမိတို့မွေးဖွါးဖြတ်သန်းလာခဲ့ရာ ယန်စီကျန်းမြစ်၊ စီကျန်းမြစ်၊ ဟွန်ဟိုမြစ်၊ မဲခေါင်မြစ်၊ သံလွင်မြစ်၊ ဧရာဝတီမြစ်၊ ဂင်္ဂါမြစ်၊ ဗြဟ္မပုတ္တရမြစ်၊ အင်ဒုမြစ်တို့ကို ဖေါ်ညွှန်းသည်ဟု ယူဆရပါသည်။

**၄။ လူဦးရေ** – မြန်မာပြည်တွင်း လော်ဝေါ်(မရူ) မျိုးနွယ်စုဝင်များမှာ နေထိုင်ရာဒေသ၊ မြို့နယ် အလိုက် စာရင်းအရသော်လည်းကောင်း၊ ဘာသာရေးစာရင်းအရ သော်လည်းကောင်း၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တွင် စုစုပေါင်း ၄၀၀၀၀၀ ခန့် ရှိပါသည်။ အများဆုံး နေထိုင်သော ဒေသ၊ မြို့နယ်များမှာ ကချင်ပြည်နယ် ဆော့လော်၊ ချီဖွေ၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်၊ မိုးမောက်၊ ဖားကန့်မြို့နယ် ဖြစ်ပြီး၊ ရှမ်းပြည်နယ်တွင် ကွတ်ခိုင်၊ မိုးမိတ်၊ ကျောက်မဲ၊ (ကိုးတောင်၊ ငါးတောင်) ဒေသ၊ သိမ်နီ၊ လားရှိုး၊ ကွတ်လုံ (ကိုးကန့်ဒေသ)၊ နမ့်ခမ်းမြို့နယ်များနှင့် ရှမ်းပြည်တောင်ပိုင်းဒေသများ ဖြစ်ပါသည်။

**၅။ ပြောဆိုသောဘာသာစကား** – လော်ဝေါ်(မရူ)မျိုးနွယ်စုတွင် ကိုယ်ပိုင်ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ ရှိပါသည်။ လော်ဝေါ်(မရူ) ဘာသာစကားသည် လာချိတ်၊ ဇိုင်ဝါး၊ လော်ဆူ၊ မိုင်းတာ (ရှမ်း)၊ နူးဖ (လီဆူ)၊ ဗမာစကားတို့နှင့် (ဗျည်းနှင့်သရ) လေယူလေသိမ်း ဆင်တူရိုးမှား ပင်ဖြစ်ပါသည်။ အခေါ်အဝေါ် အသုံးအနှုန်းအလွန်ကြွယ်ဝပြီး နာမ်တိုင်းတွင် ထပ်ဆောင်းနာမ်၊ ဝိသေသနများတွင်လည်း ထပ်ဆောင်း ဝိသေသနများ ပေါကြွယ်ပါသည်။

**၆။ ယုံကြည်ကိုးကွယ်မှုများ** – လော်ဝေါ်(မရူ) လူမျိုးများသည် ယခင်က နေ၊ လ၊ ရေ၊ မြေ၊ မီး၊ မိုး၊ လေ စသည့် တောတောင်သဘာဝကို မိရိုးဖလာ ယုံကြည်ကိုးကွယ်ခြင်းတို့ ကိုးကွယ်ခြင်းအပြင် တန်ခိုးကြီးထွက်ရပ်ပေါက်ရ၊ ဈာန်ရ ဘိုးဘွားများ၏ လိပ်ပြာ၊ ဝိညာဉ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို ယုံကြည်လာခဲ့ကြသည်။ ဖေါ်ပြပါ ကိုးကွယ်ယုံကြည်မှုကို ပူဇော်ပသရာ၌ လေါ်ဝေါ်ပရောဖတ်များတွင် နတ်၊ လိပ်ပြာ ဝင်စားမှုဖြင့် ဟောပြောညွှန်ကြားချက်များ၊ “ဖွဲ့ဒန်”ခေါ် ဖက်ထုံးဗေဒင်အရ ရရှိသောအဖြေ အပေါ်မူတည်၍ နတ်ဘုရားများကို ကျွဲ၊ နွား၊ ဝက်၊ ဆိတ်၊ ကြက်၊ ကြက်ဥ၊ ငါးခြောက်၊ တောကောင်များဖြင့် ပူဇော်ပသပြီး မိမိတို့ မစွမ်းဆောင်နိုင်သောကိစ္စကို ခိုင်းစေလာခဲ့ကြပါသည်။ လော်ဝေါ်(မရူ) လူမျိုးများ အဓိကယုံကြည် ကိုးကွယ်လက်ခံလာခဲ့ကြသော နတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | Ma Dai | မဒိုင် | – မဒိုင်နတ် |
| ( ခ ) | Ya Thau" | ယထောင် | – ကျိုးကန်းစေသောနတ် |
| ( ဂ ) | Mug! | မုတ် | – မိုးနတ် |
| (ဃ) | Myid, | မြစ် | – မြေနတ် |
| ( င ) | Sam Le | ဆမ်လဲ့ | – အကျိုးပြုသောနတ် |
| ( စ ) | Ma Shao | မရှော် | – အစိမ်းသေနတ် |
| (ဆ) | Sang | စန် | – မိုးနတ် |
| ( ဇ ) | La | လာ | – လေနတ် |
| ( ဈ ) | J-Kho" | ဂျပ်ခေါ် | – စစ်ဦးစီးနတ် |
| (ည) | Meing: Yui | မှင်ရွေ | – တောတောင်စောင့်နတ် |
| ( ဋ ) | Jan: | ဂျန် | – စုန်း၊ ကဝေနတ် |
| ( ဌ ) | Yae Byo | ရယ်ဗျော် | – အမျိုးသမီးအစိမ်းသေနတ် |
| ( ဍ ) | Ba Jan | ဘာဂျန် | – နေနတ် |
| ( ဎ ) | Ma Shao | မရှော် | – သူငယ်နာဖြစ်စေသောနတ် |
| (ဏ) | A So! | အဆော့ | – ကပ်အမျိုးမျိုးပေးသောနတ် |
| (တ) | A Phug! | အဖုတ် | – ခဏာတဖြုတ်လှည့်စားသောနတ် |
| (ထ) | Kheim Bam | ခွမ်ဘမ် | – အများကျိန်စာသင့်နတ် |

စသည်တို့ကို ယုံကြည်လက်ခံ ပူဇော်လာခဲ့ကြပါသည်။ သို့သော် ၁၈ ရာစုနှောင်းပိုင်းမှစပြီး ခရစ်ယာန်ဘာသာနှင့် အခြားဘာသာများကိုလည်း လက်ခံယုံကြည် ကိုးကွယ်လာခဲ့ကြပါသည်။

**၇။ အသက်မွေးဝမ်းကြောင်းရမှု** – *ယခင်က အဓိကအသက်မွေးဝမ်းကြောင်းရမှုမှာ တောင်ယာ၊ လယ်ယာ၊ ဥယျာဉ်ခြံမြေနှင့် မုဆိုးလိုက် သားငါးရှာဖွေခြင်းကို အဓိကလုပ်ဆောင်ပြီး မိသားစု လူနေမှုဘဝကို ထူထောင်လုပ်ကိုင် စားသောက်လာခဲ့ကြပါသည်။ မျက်မှောက်ခေတ်ကာလတွင်မူ ကုန်ပစ္စည်း ဖလှယ်ခြင်း၊ ပညာရပ်ဆိုင်ရာဖြင့် အသက်မွေးဝမ်းကြောင်းရသူ အနည်းနယ်ရှိလာခဲ့ပါသည်။*

**၈။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု** – *လော်ဝေါ်(မရူ) လူမျိုးများသည် မိမိတို့ ကိုယ်တိုင်ယက်လုပ်သော ဂျက်ခုတ်ထည်များကို မွမ်းမံပြုပြင်အလှဆင်ပြီး ဝတ်ဆင်လာခဲ့ကြပါသည်။ အမျိုးသားများသည် အနက်ရောင်တွင် အစိမ်းကြောင်းပါသော "မိုင်ရှယ်"ခေါ် ရင်ခွဲလုံချည်၊ အဖြူရောင် အင်္ကျီပေါ်တွင် ကရွယ်ခေါ် လက်ပြတ်အပေါ်အင်္ကျီ၊ ပန်းပွင့်ရောင်စုံပါသော လွယ်အိတ်၊ ခေါင်းပေါင်း၊ ခြေစွပ်၊ "လဘမ်ဖျော်" ခေါ် ကျားစွယ်တပ်ဆင်ထားသော ဓါးအိမ်တို့ကို သုံးဆောင်ဝတ်ဆင်လာခဲ့ကြပါသည်။ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ အနက်ရောင်အောက်ခံအင်္ကျီပေါ်တွင် လောင်ဇွမ် (သစ်ခွ)ချည်မျှင်ဖြင့် ရောင်စုံပန်းပွင့် ဒီဇိုင်းပါရှိသော "မိုင်ရှယ်"ခေါ် တင်သိုင်းထဘီ၊ အင်္ကျီအနက်ပေါ်တွင် ငွေပြားငွေမောင်းများ နှင့် လောင်ဇွမ်(သစ်ခွ)ချည်မျှင် ရောင်စုံပန်းပွင့် ဒီဇိုင်းပါသော ရောင်ဘော်ခေါ် အင်္ကျီ၊ လောင်ဇွမ်ပန်းပွင့် ရောင်စုံပါရှိသော "အောင်ထပ်"ခေါ် ခေါင်းပေါင်း၊ "ချိတ်ထပ်"ခေါ် ခြေသလုံးဝတ်ခြေစွပ်၊ ခါးပတ်၊ "ကြူ"ခေါ် ခါးဝတ်ခြူကွဲ၊ လောင်ဇွမ်(သစ်ခွ) ချည်မျှင်ဖြင့် အလှဆင်ထားသော "ခေါ်"ခေါ် ခါးပတ်ကြိမ်ကွင်း၊ "လန်ဂဲ့"ခေါ် ခြေသလုံးဝတ်ကြိမ်ကွင်းများ၊ ငွေလက်ကောက်၊ "ဂိုက်ရိုက်"ခေါ် သန္တာပုတီး၊ "ယိုရိ"ခေါ် ရောင်စုံပုတီး၊ "ငွေဂျော်"ခေါ် ငွေဆွဲကြိုးကို ဝတ်ဆင်ကြပါသည်။ နားရွက်ကိုလည်း အပေါက်ကြီးယ် ဖေါက်ပြီး "နထောင်"ခေါ် ဝါးလုံးတွင် ရောင်စုံချည်မျှင်များ အလှဆင်၍ ဝတ်ဆင်ခြင်း၊ "နခွမ်း"ခေါ် သန္တာပုတီး၊ "နပြိုင်"ခေါ် ငွေပြား၊ "နစွယ်"ခေါ် ပုတီးလုံး၊ "နသော့"ခေါ် ငွေလုံးတို့ကို ဝတ်ဆင်ခြင်း၊ ထို့အပြင် ဝါးနှီးကို စိပ်ဖြာ၍ ယက်လုပ်မွမ်းမံထားသော "ရှဲပုံ့"ခေါ် အလှခြင်း၊ လောင်ဇွမ်ပန်းပွင့် ပန်းကွက်ဒီဇိုင်းနှင့် ရောင်စုံချည်မျှင်များဖြင့် မွမ်းမံထားသော "စရုံအာ"ခေါ် ရောင်စုံပန်းပွါးလွယ်အိတ်ကို သုံးဆောင်ဝတ်ဆင် လာခဲ့ကြပါသည်။ လော်ဝေါ်အမျိုးသား၊ အမျိုးသမီးများသည် ကာလဒေသကိုလိုက်၍ ဝတ်စုံ (၇)မျိုး၊ (၇)ဆင့် ကို ပြောင်းလဲဝတ်ဆင် လာခဲ့ကြပြီး ဖြစ်ပါသည်။ လော်ဝေါ်အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွင် လောင်ဇွမ် သစ်ခွချည်မျှင် ပန်းပွင့်ဒီဇိုင်း "ခူသုံး"ကို လွန်ခဲ့သော B.C ၅၀၀ ခန့်မှ စတင်သုံးစွဲ လာခဲ့သည်ကို နောက်ခံသမိုင်းအကြောင်းအရ လေ့လာသိရှိရပါသည်။ လော်ဝေါ် အမျိုးသမီးများ လောင်ဇွမ်သစ်ခွချည်မျှင်ဖြင့် ပန်းပွင့်ဒီဇိုင်း (၄၀)ခန့်ကို သုံးစွဲလာခဲ့ ကြပါသည်။ လော်ဝေါ် ဘာသာစကားဖြင့် မှည့်ခေါ်ပုံတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။*

| | | |
|---|---|---|
| *(၁)* | Kyi Baung: | – *ကီဘောင်* |
| *(၂)* | Kyi Kaui | – *ကီကွိုင်* |
| *(၃)* | Kyao" Tho: | – *ကျောထော* |
| *(၄)* | Jhang: Ku: Jid' | – *ကျန်ကူဂျိတ်* |
| *(၅)* | Kung: Kaui | – *ကုံးကွိုင်* |

| | | |
|---|---|---|
| (၆) | Kung" Zhaung | – ကုံးစောင် |
| (၇) | Jha Kad' | – ကျကတ် |
| (၈) | Khan" Pyi | – ခမ်းပြီ |
| (၉) | Ce' Mo" | – ချဲ့မော |
| (၁၀) | Ce' Zo: | – ချဲ့ဇော် |
| (၁၁) | Ce' Tug' | – ချဲ့သုတ် |
| (၁၂) | Ce' Paug" | - ချဲ့ပေါက် |
| (၁၃) | Ce' Zhaung | – ချဲ့စောင် |
| (၁၄) | Ce' Sham: | – ချဲ့ရှမ်း |
| (၁၅) | Khu: Kaui | – ခူကွိုင် |
| (၁၆) | Khu: Kung" | – ခူကုံး |
| (၁၇) | Khu: Thao | – ခူထော |
| (၁၈) | Khug' Zag' Thao | – ခုတ်ဇတ်ထော |
| (၁၉) | Pyan Kaui | – ပျံကွိုင် |
| (၂၀) | Jham Pad' | – ကျမ်ပတ် |
| (၂၁) | Nge' Gyo" | – ငဲ့ကျော် |
| (၂၂) | Zeim Zhain | – ဇွမ်ဇိုင် |
| (၂၃) | Zeim Kaui | – ဇွမ်ကွိုင် |
| (၂၄) | Zaung Khyid, | – ဇောင်ခရိတ် |
| (၂၅) | Na Be' | – နဘဲ့ |
| (၂၆) | Na Pyain: | – နပြိုင် |
| (၂၇) | Bin: Bu" | – ဘင်ဘူး |
| (၂၈) | Bao Lam: | – ဘော်လန် |
| (၂၉) | Bao Khao' | – ဘော်ခေါ့ |
| (၃၀) | Bug Shad' | – ဘုတ်ရှက် |
| (၃၁) | Be' Ce' | – ဘဲ့ချဲ့ |
| (၃၂) | Myo, Lhang" | – မျှော့လိုင်း |
| (၃၃) | Myo, Shai" | – မျှော့ရှိုင်း |
| (၃၄) | Mai Myo, | – မိုင်မျှော့ |
| (၃၅) | Mai Mhag' | – မိုင်မိုက် |
| (၃၆) | Mai Phyid' | – မိုင်ဖြိတ် |
| (၃၇) | Mai Qid' | – မိုင်ရိတ် |

(၃၈) Thaung" Ku" – ထောင်းကူး

(၃၉) Tho' Lho" Thao – ထော့လောထော

(၄၀) Tung" Kaui – တုန်းကွိုင်

(၄၁) Tung" Naui – တုန်းနွယ်

(၄၂) Vo, Khu – ဝေါ့ခူ

(၄၃) Kha: Khu – ခါခူ စသည်တို့ ဖြစ်ပါသည်။

၉။ **ရိုးရာတူရိယာများ** – *လော်ဝေါ်(မရူ)လူမျိုးများသည် ရိုးရာတူရိယာအဖြစ် မောင်း၊ လင်ကွင်း၊ "ဇန်"ခေါ် ဗုံ၊ "ခလော့"ခေါ် ပုလွေ၊ ကျော်ကောင်၊ "လော်ဘောင်"ခေါ် နဲ၊ နံချူပ်၊ ကဲ့၊ ကြူ စသည်တို့ကို ရိုးရာပွဲတော်များတွင် တီးမှုတ်ကခုန်ကြပါသည်။*

၁၀။ **ရိုးရာတေးသီချင်းများ** – *လော်ဝေါ် (မရူ)လူမျိုးများတွင် "ဂျီ"ခေါ် ရိုးရာတေးသီချင်းများ အလွန်ပေါ်ကြွယ်ဝပါသည်။ ကဏ္ဍအလိုက် တေးသီချင်းများကို အောက်ပါအတိုင်း ခွဲခြားသီဆို ကြပါသည်။*

(က) La Khyao" Ji: *(လချော်ဂျီ)* – *တောလား (သဘာဝတောတောင်ရေမြေကို ချီးကျူးသောတေးလင်္ကာ)*

( ခ ) La Jham: Ji: *(လာကျမ်ဂျီ)* – *တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့တစ်နွဲ့ အပြန်အလှန် သီဆိုသောတေး လင်္ကာဖြစ်ပါသည်။*

( ဂ ) Yham Vao Ji: La Shan" Ji: *(ယမ်ဝေါ်ဂျီးလရှမ်းဂျီ) – အိမ်သစ်တက်တေးလင်္ကာ။*

(ဃ) Byao Gin Ji: *(ဘရော်ဂင်ဂျီ) – ဥတုကိုဘွဲ့ ခွဲခြားစိတ်ဖြာ ဂုဏ်ပြုသီဆိုသော လင်္ကာ။*

( င ) Khin Jao: Ji: *(ခင်ဂျော်ဂျီ)* – *လူပျိုအပျိုလှည့်ရာတွင် အပြန်အလှန်သီဆိုသော တေးလင်္ကာ။*

( စ ) Ngug, Ji: *(ငုတ်ဂျီ)* – *ငိုချင်း (နာရေးတေးလင်္ကာ)*

(ဆ) Zam Ji: *(ဇမ်ဂျီ)* – *ဇမ်ဂေါပွဲတော်တွင်သီဆို ကခုန်သော တေးလင်္ကာ။*

( ဇ ) Lho" Thaung: Ji: *(လောထောင်ဂျီ) – လနတ်သမီး၊ လမင်းပွဲတော် တေးလင်္ကာ။*

(ဈ) Gaug, Thaung: Ji: (Thaung Oe) *(ဂေါက်ထောင်ဂျီ၊ ထောင်အွယ်) – စပါးထောင်း သည့်အခါ သီဆိုသော တေးလင်္ကာ။*

(ည) Zo: Caung: Ji: *(ဇော်ချောင်ဂျီ) – ကလေးချော့တေးလင်္ကာ။*

( ဋ ) Ga Bain Ji: *(ကဘန်ဂျီ)* – *နာရေးတွင် ကခုန်သီဆိုသော အကတေးလင်္ကာ။*

( ဌ ) Yui Htu Ji: *(ယိုရ်ထူဂျီ)* – *နတ်ပူဇော်တေးလင်္ကာ။*

( ဍ ) Nhang: Ji: *(နန်ဂျီ)* – *ကျိန်စာတေးလင်္ကာ စသည်ဖြင့် ရှိပါသည်။*

**၁၁။ ရိုးရာအကများ –** *လော်ဝေါ်(မရူ)များတွင် နာရေးပွဲများ၌ ဖမ်ဂေါအကနှင့် ကဘန်ဂျီအက များကို ကခုန်သီဆိုကြပါသည်။ တူရိယာအဖြစ် မောင်း(၃)ချပ်ကို သံတို၊ သံရှည်၊ သံပြတ် တီးခတ်၍ ကခုန်ကြပါသည်။ ဇန်ဂေါ၊ တန်ဂေါ၊ ဖမ်ဂေါ တို့ကိုသာရေးကိစ္စများတွင် ကခုန်ကြပြီး တူရိယာများအဖြစ် "ဇန်"ခေါ် ဗုံ၊ "မော" ခေါ် မောင်း၊ "ကျဲ့ချန်း"ခေါ် လကွင်း၊ "ခလော့်"ခေါ် ပုလွေ၊ နှဲ များကို တီးမှုတ်ကြပါသည်။ ဂျီဂေါအကကိုမူ အိမ်သစ်တက်ပွဲနှင့် သာရေးပွဲ၊ အောင်နိုင်ရေးပွဲများတွင် သီဆိုကခုန် ကြပါသည်။ ဖမ်ဂေါအကပွဲတော်ကို ယခင်က မိသားစု မျိုးနွယ်အလိုက် (၃)နှစ်လျှင် တစ်ကြိမ် ရရောင့် ဆိုပြီး ကျင်းပခဲ့ကြသော်လည်း မျက်မှောက်ခေတ်ကာလတွင် လော်ဝေါ်(မရူ) မျိုးနွယ်စုအားလုံး ပါဝင်သော စုပေါင်းဖမ်ပွဲတော်ကို (၃)နှစ်လျှင်တစ်ကြိမ် ဝိုင်းမော်မြို့ရှိ "ကြောင်ရမ်"ခေါ် လော်ဝေါ်ယသ်ကျေးမှု ဗိမာန်တော်တွင် လော်ဝေါ်ယဉ်ကျေးမှု ဗဟိုကော်မတီမှ ဦးစီးကျင်းပလျှက် ရှိပါသည်။*

**၁၂။ စာပေ –** *လော်ဝေါ်(မရူ)ဘာသာစကား အခေါ်အဝေါ် အသုံးအနှုန်း ဝေါဟာရကြွယ်ဝသည့် ဘာသာစကားဖြစ်ပါသည်။ ထို့ကြောင့် လော်ဝေါ် ဘာသာစကားကို မှတ်တမ်းတင်နိုင်ရေးအတွက် စာပေရရှိရေးကို ၁၉၄၆ ခုနှစ်ကတည်းက လော်ဝေါ်အကြီးအကဲများမှ အားထုတ်ဆောင်ရွက်ခဲ့ကြပါသည်။ ၁၉၆၇ ခုနှစ်တွင် လော်ဝေါ်လူမျိုး ကက်သလစ်ဘုန်းတော်ကြီးတစ်ပါးဖြစ်သူ ဘုန်းတော်ကြီး လုကတ်လဟုန်းဟောင်းလွမ်း မှ ရောမအက္ခရာများဖြင့် တီထွင်ပြုစုပေးခဲ့သော စာမူကို နိုင်ငံတော်သို့ အတည်ပြုပေးရန် တင်ပြခဲ့ရာ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့မှ ၁၉၇၂ ခုနှစ်၊ စက်တင်ဘာ (၂၁)ရက်နေ့ ရက်စွဲပါ စာအမှတ် ၇၁၈/၂၀၇၂ဦး–၄၊ ကင်းလွတ်ခွင့်အမှတ် ၀၁၈၄၁ ဖြင့် ပုံနှိပ်ထုတ်ဝေခွင့်ပြုချက် ရရှိပြီးသောစာပေ ဖြစ်ပါသည်။ ၎င်းစာပေဖြင့် ယခုအခါ ကျမ်းစာအုပ်များ၊ ဘာသာရေး ဓမ္မသီချင်းစာအုပ်များ၊ မဂ္ဂဇင်းများ၊ စာစောင်များကို ရေးသားထုတ်ဝေသုံးစွဲလျှက် ရှိပြီးဖြစ်ပါသည်။*

**၁၃။ လော်ဝေါ်အမျိုးသားစာပေနေ့ –** *နိုင်ငံတော်ဗဟိုမှတ်ပုံတင်အဖွဲ့မှ တရားဝင်ခွင့်ပြုချက် ကင်းလွတ်ခွင့်အမှတ် (၀၁၈၄)ဖြင့် ပုံနှိပ်ထုတ်ဝေခွင့်ပြုပြီးသောစာပေကို ၁၉၇၃ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့၊ ဝိုင်းမော်မြို့ အစိုးရအလယ်တန်းကျောင်းဝင်းတွင် မြန်မာနိုင်ငံအနှံ့မှ လော်ဝေါ်လူထု ၅၀၀၀ ခန့်တက်ရောက်သော လော်ဝေါ်လူထုအခမ်းအနားတွင် နိုင်ငံတော်ကိုယ်စားပြု၊ ကချင်ပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီးဖော်ယူးခါး မှ လော်ဝေါ်လူထုထံ ပေးအပ် ခဲ့ပါသည်။ ထိုသို့ နိုင်ငံတော်မှ လော်ဝေါ်လူထုထံ စာပေအပ်နှင်းပေးခဲ့သောနေ့ကို လော်ဝေါ် အမျိုးသားစာပေနေ့ဟု သတ်မှတ် ထားရှိပါသည်။ နှစ်စဉ်မတ်လ (၃၀)ရက်နေ့တွင် လော်ဝေါ်လူထုများ မှ မိမိတို့ရပ်ကွက်ကျေးရွာများတွင် လော်ဝေါ်အမျိုးသားစာပေနေ့ကို ကျင်းပကြပြီး လော်ဝေါ်စာပေ နှင့်ယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌမှ ပေးပို့သော သဝဏ်လွှာများ ဖတ်ကြားခြင်း၊ စာပေဟောပြောပွဲ ကျင်းပခြင်း၊ ကဗျာ၊ ဆောင်းပါး၊ စာစီကုံးပြိုင်ပွဲနှင့် ယဉ်ကျေးမှုနှင့်ဆက်စပ်သော အဆို၊ အက ပွဲများ ကျင်းပလျက် ရှိပါသည်။*

၁၄။ **ရိုးရာပွဲတော်များ** – *လော်ဝေါ်(မရူ)လူမျိုးများတွင် ရှေးယခင်က ရာသီအလိုက် အောက်ပါ ရိုးရာပွဲတော်နှင့် လုပ်ငန်းပွဲတော်များကို ကျင်းပလာခဲ့ကြပါသည်။*

(က) Myi: Bo Poe (*မီဘော်ပွဲတော်*)
*တောင်ယာစတင်ရှာသည့် ရိုးရာလုပ်ငန်းခွင်ပွဲ – ဇန်နဝါရီလ*

( ခ ) Yo Myo: O: Lhaung Poe (*ယော်မျှော်အော်လောင်ပွဲ*)
*တောင်ယာခုတ်ရိုးရာ လုပ်ငန်းပွဲ – ဖေဖော်ဝါရီလ*

( ဂ ) Yo Ngha: Poe (*ယော်ငှါးပွဲ*)
*တောင်ယာမီးရှို့ပွဲ – ဧပြီလ*

(ဃ) Lao: Ko' Phag' Poe (*လော်ကော့ဖတ်ပွဲ*)
*ရိုးရာငါးဖမ်း ပျော်ပွဲရွှင်ပွဲ – ဧပြီလ*

( င ) Gaug, Taui Poe (*ဂေါက်တွယ်ပွဲ*)
*တောင်ယာစပါးစိုက် လုပ်ငန်းခွင်ပွဲ – မေလ*

( စ ) Yo Myo, Poe (*ယော်မျှော့ပွဲ*)
*တောင်ယာပေါင်းရှင်း လုပ်ငန်းခွင်ပွဲ – ဇူလိုင်/ဩဂုတ်*

(ဆ) Jao: Zai Do, Poe (*ကျော်ဇိုင်ဒေါ့ပွဲ*)
*ကောက်ပွဲသီးနှံအောင်မြင်ရန် ပူဇော်ပသပွဲ – စက်တင်ဘာလ*
*(၄င်းပွဲတော်အစား ယခုခေတ်တွင် ဆုတောင်းပွဲပြုလုပ်)*

( ဇ ) Khu: Pye' Pye' Poe (*ခပျဲ့ပျဲ့ပွဲ*)
*သခွါးသီးခူး ပျော်ပွဲရွှင်ပွဲ – အောက်တိုဘာလ*

( ဈ) Lho" Thaung: Poe (*လောထောင်ပွဲ*)
*လနတ်သမီးပင့် ပဇော်မိတ်ဖတ်ပွဲ – အောက်တိုဘာလ*

(ည) Gaug, She' Poe (*ဂေါက်ရှဲ့ပွဲ*)
*စပါးရိတ်သိမ်းလုပ်ငန်းခွင်ပွဲ – နိုဝင်ဘာလ*

( ဋ ) Gaug, Au: Zo: Poe (*ဂေါက်အောင်ဇော်ပွဲ*)
*ကောက်ဦးစားပွဲ (ကောက်သစ်စားပွဲ) – ဒီဇင်ဘာလ*

( ဌ ) Gaug, Nao: Poe (*ဂေါက်နော်ပွဲ*)
*စပါးချွေ/နင်း လုပ်ငန်းခွင်ပွဲ – ဒီဇင်ဘာလ*

( ဍ ) Gaug, Vin Poe (*ဂေါက်ဝိန်ပွဲ*)
*စပါးသယ်ယူသည့် လုပ်ငန်းခွင်ပွဲ – ဒီဇင်ဘာလ*

( ဎ ) Zam Go" Poe (*ဇမ်ဂေါပွဲ*)
*မနောင်ပွဲများ – ရာသီမရွေး*

(ဏ) Yham Vao Ji: Go" La Shan" Poe (ယမ်ဝေါ်ဂျီဂေါ၊ လရှန်းပွဲ)
အိမ်သစ်တက်ပွဲ – ပွင့်လင်းရာသီ

(တ) Myi: Phaung: Fao" Poe (မီဖေါင်ဝေါ်ပွဲ)
ထိမ်းမြားမင်္ဂလာပွဲ – သတ်မှတ်ကာလမရှိ
(ယခုခေတ်အခေါ် ထိမ်းမြားမင်္ဂလာဆောင်ပွဲ)

(ထ) Lam Shang Kug' Poe (လမ်ရှန်ကုပ်ပွဲ)
ရွာဦးနတ်ပူဇော်ကန်တော့ပွဲ – ဒီဇင်ဘာ/ဇန်နဝါရီ
(ယခုခေတ်တွင် ဆုတောင်းခြင်းဖြင့် အစားထိုး၍ မိမိအိမ်များတွင် ဆောင်ရွက်ခြင်း)

(ဒ) Gabain Go" Poe (ကဘန်ဂေါပွဲ)
(သက်ကြီးရွယ်အိုများသေဆုံးချိန်တွင်ကသောအက) – ရာသီမရွေး

၁၅။ **လူနေမှုဘဝ အသိုင်းအဝိုင်းဖွဲ့စည်း ခေါ်ဝေါ်ပုံ** – *လော်ဝေါ်(မရူ) လူမျိုးတွင် လူနေမှုဘဝ အသိုင်းအဝိုင်း ဖွဲ့စည်း ခေါ်ဝေါ်မှည့်ခေါ်ပုံ (၆)မျိုးခွဲခြား၍ တော်စပ်ခေါ်ဝေါ်ကြပါသည်။*

(က) Mao: Nhaung: (မောနှောင်) – အဖေတစ်ဦးတည်းမှ မွေးဖွားလာသည့် ဝမ်းကွဲညီအစ်ကို အရင်းချင်းများဖြစ်သည်။

(ခ) Yaug, Phug' / Yaug, Phyid' (ယောက်ဖုတ်၊ ယောက်ဖြိတ်) – ယောက္ခထီး ယောက္ခမတို့၏ မိဘကို ခေါ်ဆိုသည်။ လူမှုရေးဘဝတွင် ဝါအမြင့်ဆုံးအဖြစ် သတ်မှတ်ထားကြသည်။

(ဂ) Yaug, Pho" (ယောက်ဖော) – ယောက္ခထီး၊ ယောက္ခမ အမျိုးဖြစ်သည်။ သမီးကညာပေးရသည့် အမျိုးဖြစ်သည်။ ဒုတိယ ဝါအကြီးဆုံးအမျိုးဖြစ်သည်။

(ဃ) Zamo, (ဇမော့) – သမီးကညာရသော သားဘက်အမျိုးဖြစ်သည်။ ဝါငယ်သောအမျိုးဖြစ်သည်။


(င) Bag Zo: (ဘတ်ဇော်) – မိဘ၊ ယောက္ခထီး၊ ယောက္ခမ၊ သမက် ညီအစ်ကိုတော်စပ်သောအမျိုးဖြစ်သည်။


၁။ Pho" Bag (ဖေါဘတ်) – မိသားစုတစ်စုသို့ ကမီးကညာပေးရသော ယောက္ခထီး၊ ယောက္ခမအချင်းချင်း ခေါ်ဆိုခြင်း ဖြစ်သည်။


၂။ Myhi" Bag (မီးဘတ်) – မယားညီအစ်ကို အချင်းချင်းမျိုးဖြစ်သည်။


၃။ Bag Zo: (ဘတ်ဇော်) – အမျိုးနီးစပ်သူ မဟုတ်သော်လည်း ကတိကဝတ် တစ်ခုခုဖြင့်၊ ပဋိညာဉ် တစ်ခုခုဖြင့် မိတ်ဖွဲ့တော်စပ်သောအမျိုး ဖြစ်သည်။

## ၁၆။ လော်ဝေါ်လူမျိုးများ၏ လူနေမှုဘဝဖွဲ့စည်းပုံအမျိုး(၆)မျိုး




**၁၇။ လော်ဝေါ်မျိုးဆက်ပြန့်ပွါးပုံ လူမှုရေးစနစ်** – *လော်ဝေါ်လူမျိုးတွင် ရှေ့ကဖေါ်ပြခဲ့သည့်အတိုင်း ဖသားစုကို အဓိကထား၍ မျိုးဆက်ပြန့်ပွါးကြပါသည်။*

*(က) လော်ဝေါ်လူမျိုး အမျိုးသားတစ်ယောက်သည် ရိုးရာခွင့်ပြုချက်အရ မည်သည့်လူမျိုး မိန်းကလေးတစ်ယောက်ကို ယူသည်ဖြစ်စေ အဖေနာမည်၏ နောက်ဆုံးကိုယူ၍ သားသမီး ၏ ရှေ့အမည် အဖြစ်ယူ၍ မှည့်ခေါ်သည့်အတွက် လော်ဝေါ်လူမျိုးသာ ဖြစ်သည်ကို ရိုးရာအရ လက်ခံကြပါသည်။*

*( ခ ) လော်ဝေါ်အမျိုးသမီးများကိုမူ အိမ်ထောင်ပြုသည်နှင့် သျှောင်နောက်ဆံထုံးပါ ဟူသည့် စကားပုံအတိုင်း ၄င်းယူသည့် ယောက်ကျား၏ အမျိုးအနွယ်ကိုသာ မွေးဖွါးပေးသည်ဟု လက်ခံကြသည်။*

*( ဂ ) ရိုးရာအမွေ ခွဲဝေပေးရာတွင်လည်း အဓိက ယောက်ကျားသားများအတွက်သာ ထည့်သွင်း၍ စဉ်းစားပြီး မိန်းကလေးအတွက် ထည့်သွင်းမှုမရှိခဲ့ပါ။ သို့သော် လက်ရှိကာလတွင်မူ နိုင်ငံတော်၏ ဥပဒေအရ အမွေခံစားပိုင်ခွင့်ကို ထည့်သွင်းစဉ်းစား လာခဲ့ကြသည်ကို တွေ့ရှိရပါသည်။*

**၁၈။ မိသားစုအတွင်းခေါ်ဝေါ်သော အသုံးအနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

(က) Phug' Kai: *(ဖုတ်ကိုင်)* – *ဘိုးအေ၏အဖေ*
(ခ) Yao: Kai: *(ယော်ကိုင်)* – *ဘိုးအေ*
(ဂ) Phug' *(ဖုတ်)* – *အဘိုး*
(ဃ) Pho" *(ဖေါ်)* – *အဖေ*
(င) Zo: *(ဇော်)* – *သား*
(စ) Myid: *(မြစ်)* – *မြေး*
(ဆ) Myid: Kai: *(မြစ်ကိုင်)* – *မြစ်*
(ဇ) Myid: Qae: *(မြစ်ရေ)* – *တီ*
(ဈ) Myid: Qae: Zo: Xag' *(မြစ်ရေဇော်ဆပ်)* – *တွဒ်*

**၁၉။ အုပ်ချုပ်မှုအကြီးအကဲများ** – *လော်ဝေါ်(မရူ)လူမျိုးတွင် "မုန်းဇုတ်" ခေါ်အကြီးအကဲသည် တိုင်းပြည်အုပ်ချုပ်သူဖြစ်ပြီး နယ်မြေမြောက်များစွာ ရရှိပိုင်ဆိုင်ထားရှိသူကို တိုင်းပြည်အုပ်ချုပ်သူ အကြီးအကဲ အဖြစ် လက်ခံကြသည်။ ၎င်းအောက်တွင် နယ်စားပယ်စားများကို နယ်မြေပိုင်ဆိုင်မှုအပေါ် မူတည်၍ အောက်ပါ အတိုင်း အဆင့်ဆင့် ခေါ်ဝေါ်သမုတ်ခဲ့ကြပါသည်။*

(က) Mung" Zug: *(မုန်းဇုတ်)– တိုင်း၊ နိုင်ငံ အုပ်ချုပ်သူ (မြေပိုင်ရှင်၊ မြေရှင်ကြီး)*
(ခ) Ding" Zug: *(ဒင်းဇုတ်)* – *ပြည်နယ်အဆင့် အုပ်ချုပ်သူနယ်စား (အလယ်အလတ်မြေပိုင်ရှင်များ)*
(ဂ) Mang: Zug: *(မန်ဇုတ်)* – *ဒေသ၊ နယ်ပိုင်ရှင် (နယ်ပိုင်၊ မြေပိုင်ရှင်များ)*
(ဃ) Vo Zug: *(ဝဇုတ်)* – *မြို့ရွာ မြေပိုင်ရှင်များ*
(င) Tham: Zug: *(ထန်းဇုတ်)* – *ကျေးရွာ မြေပိုင်ရှင်များ*
(စ) Agyi *(အဂျီ)* – *ရွာအုပ်ချုပ်သူ (မြေပိုင်ရှင်များကိုယ်စားအုပ်ချုပ်သူ)*
(ဆ) Khaung: Mao: *(ခေါင်းမော်)* – *အုပ်ချုပ်သူလူတန်းစား၏ တမန်တော်အဖြစ်ခန့်အပ်ထားသူ(ဥပမာ– သံအမတ်၊ ကိုယ်စားလှယ်)*

**၂၀။ ကိုးကွယ်ယုံကြည်မှုအကြီးအကဲများ** – *ရိုးရာထုံးတမ်းစဉ်လာ ယုံကြည်ကိုးကွယ်မှုတွင် လူနေမှု ယဉ်ကျေးမှုများကို သွန်သင်ဆုံးမပေးသော ဘာသာရေးခေါင်းဆောင် အကြီးအကဲများသည်လည်း တိုင်း၊ နိုင်ငံ၊ ဒေသ၊ နယ်မြေ အုပ်ချုပ်သူများကို အထောက်အကူ ပြုခဲ့ကြပါသည်။ ရိုးရာထုံးတမ်းစဉ်လာ ယုံကြည် ကိုးကွယ်မှု အကြီးအကဲများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။*

(က) Dam sa: *(ဒမ်ဆားရ်)* – *ယဇ်ပူဇော်ပသသူ အကြီးအကဲ (လူနေမှုဘဝ၏ ဂါထာ၊ အလင်္ကာ၊ တေး၊ ကဗျာ၊ ဘွဲ့ရတု စာဆိုများ ဗဟုသုတ ပြည့်စုံသူဖြစ်သည်။)*
(ခ) Ji: Zang *(ဂျီဇန်)* – *ဂါထာ၊ အလင်္ကာ၊ ကဗျာ တေးများ၊ ဘွဲ့ရတု စာတို့တွင် တစ်ဘက်ကမ်းခပ် တတ်မြောက်သူ*

( ဂ )  Lapa (*လပါ*) – *ယဇ်ပရောဟိတ် (အကြားအမြင်ရသူ၊ အတိတ်နမိတ်ဟောသူ၊ ပရောဖတ်၊ စျာန်ရပုဂ္ဂိုလ်များ)*

(ဃ)  Lapa Dam sa (*လပါဒမ်ဆားရ်*) – *ယဇ်ပူဇော်ပရောဟိတ်၊ အကြားအမြင်ရှိသူ ပရောဖတ်*

( င )  Khin Jaung (*ခင်ဂျောင်*) – *ပန်းတကာ၊ ဝေယျာဝစ္စဆောင်ရွက်သူ (ပူဇော်ပသမှုကျွမ်းကျင်သူ)*

**၂၁။ လော်ဝေါ်နှင့် မရူဟူသော ဝေါဟာရရှင်းလင်းချက်** – *လော်ဝေါ်(မရူ) လူမျိုးတွင်မျိုးနွယ်စုကြီ း (၁၇)နွယ် ရှိပါသည်။ လော်ဝေါ်မျိုးနွယ်စုကြီး (၁၇)နွယ်လုံးကို စုပေါင်းပြီး လော်ဝေါ်ဟုခေါ်ဆိုခြင်း ဖြစ်ပါသည်။*

(က)  *"မရူ" ဆိုသောအခေါ်အဝေါ်မှာ မျိုးနွယ်စု (၁၇)နွယ်မှ ရုတ်မုန်ဇတ်၏ သားမြေးများဖြစ်သော "ရနေ" နှင့် "ရလမ်း"၏ သားများမှ မွေးဖွါးသော အိမ်ထောင်စုများနှင့် ရုတ်မုန်ဖြုတ်၏ သားမှမွေးဖွါးသော "ခေါင်နေ" အိမ်ထောင်စုများကိုသာ ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် လော်ဝေါ်ဆိုသော အမည်နာမသည် လော်ဝေါ်မျိုးနွယ်စု တစ်ခုလုံးတညီတညွတ်တည်းလက်ခံသော နာမည်ဖြစ်ပြီး၊ "မရူ" ဆိုသည်မှာ အိမ်ထောင်စု (၃)ခုမှမွေးဖွါးလာသူများကိုသာ ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ဥပမာ ပြောရလျှင်သည် ဗမာတိုင်းသည်မြန်မာလူမျိုးဖြစ်ပြီး မြန်မာတိုင်းသည် ဗမာမဟုတ်သကဲ့သို့ မရူတိုင်းသည် လော်ဝေါ်ဖြစ်ပြီးလော်ဝေါ်တိုင်းသည် မရူမဟုတ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။*

*လော်ဝေါ်*

- Qe Nhae (*ရနေ့မျိုးနွယ်စုဝင်များ*)
- Qe Lam" Nhae (*ရလမ်းနေ့မျိုးနွယ်စုဝင်များ*)
- Khaung Nhae (*ခေါင်နေ့မျိုးနွယ်စုဝင်များ*)

} *"မရူ"ဟုခေါ်ဝေါ်ခံရသည့် လော်ဝေါ်မျိုးနွယ်စု(၃)စု*

- La Nhae (*လနေ့မျိုးနွယ်စုဝင်များ*)
- Laphaug' (*လဖေါက်နေ့မျိုးနွယ်စုဝင်များ*)
- Jeim Phaug (*ဂျမ်ဖောက်နေ့မျိုးနွယ်စုဝင်များ*)
- Zang Nhae (*ဇန်နေ့မျိုးနွယ်စုဝင်များ*)
- Yao Nhae (*ရောနေ့မျိုးနွယ်စုဝင်များ*)
- Myao Nhae (*မျော်နေ့မျိုးနွယ်စုဝင်များ*)
- Tau Nhae (*တောင်နေ့မျိုးနွယ်စုဝင်များ*)
- Thang Nhae (*ထန်နေ့မျိုးနွယ်စုဝင်များ*)
- Xao Nhae (*ချော်နေ့မျိုးနွယ်စုဝင်များ*)
- Ba Nhae (*ဘာနေ့မျိုးနွယ်စုဝင်များ*)
- Cao Nhae (*ချော်နေ့မျိုးနွယ်စုဝင်များ*)
- Kha" Nhae (*ခါးနေ့မျိုးနွယ်စုဝင်များ*)
- Bao" Nhae (*ဘောနေ့မျိုးနွယ်စုဝင်များ*)
- Gae" Lang" Aung Laug: Nhae (*ဂဲလန်းအောင်လောက်နေ့မျိုးနွယ်စုဝင်များ*)

(ခ) "မရူ"ဆိုသော အမည်နာမသုံးစွဲလာပုံမှာ လရူ(ဇောဘုတ်) အနွယ်ဝင် အိမ်ထောင်စုများကို လော်ဝေါ်အမျိုးသားများက "လရူ"(La Qu) ဟူ၍ တင်စားပြောစမှတ် ပြုကြပါသည်။ ထို့ကြောင့် ၎င်းအိမ်ထောင်စုကို အမည်အပြည့်အစုံ ဖော်ပြရသော် "လရူဇောဘုတ်" (La Qu Zao" Bug') ဟု ခေါ်ကြပါသည်။ ၎င်းအမည်နာမကို ချီဖွေ၊ ဆော့လော် ဒေသတွင် ယခင်က အတူတကွနေထိုင်ကြသော လချိတ်၊ ဇိုင်ဝါးစကားဖြင့် အောက်ပါအတိုင်း ခေါ်ဆိုကြပါသည်။

(၁) လချိတ်ဘာသာစကားဖြင့် "လာရူဇောဘုတ်" (La Qu Zang" Bug') ဟူသော ဝေါဟာရကို "လာရူဇန်းဘုတ်" (La Qu Zang" Bug') ဟူ၍လည်းကောင်း၊

(၂) ၎င်းလချိတ်လို ခေါ်ဆိုသော "လာရူဇန်းဘောင်" ဆိုသည့် အခေါ်အဝေါ်ကို ဇိုင်ဝါးဘာသာစကားဖြင့် "လရူတန်းဘောင်" (La Yu Tang Baw) ဟုခေါ်ပြီး၊ ဂျိန်းဖေါ့ဘာသာစကားဖြင့် "မရူတန်ဘောင်" (Maru Tangbau) ဟု ခေါ်ဆိုကြရာ နောင်ကာလ တဖြည်းဖြည်း ပြောင်းလဲလာသောအခါ ကိုလိုနီခေတ်တွင် ဂျိန်းဖေါ့စာပေ ရရှိလာသည့်နောက်ပိုင်း "မရူတန်ဘောင်" (Maru Tangbau) ဟုရေးသားမှတ်တမ်းတင်ခဲ့သဖြင့် ယနေ့ကာလတွင် လော်ဝေါ်အမျိုးကို "မရူတန်ဘောင်" (သို့) "မရူ" ဟု အတိုကောက် ရေးသားခေါ်ဆိုလာကြသည်ကို မှတ်သားသိရှိ ရပါသည်။

၂၂။ **လော်ဝေါ်လူမျိုး အုပ်ချုပ်မှုအကြီးအကဲများ** – လော်ဝေါ်လူမျိုးများတွင် ကာလဒေသအလျောက် အကြီးအကဲအဖြစ် အုပ်ချုပ်လာခဲ့သူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) **မိခင်များအုပ်စိုးသောကာလ** – လော်ဝေါ်လူမျိုးများ နေထိုင်ခဲ့သော "ဗျူဗျော်ငလောင်ဘမ်" ခေါ် မွန်ဂိုကုန်းမြင့်ဒေသနှင့် တိဘက်ကုန်းမြင့်ဒေသတွင် နေထိုင်ခဲ့သော ကနဦးကာလတွင် မိခင်များ အုပ်စိုးစီမံခန့်ခွဲသည်ဟု ယူဆရပါသည်။

(ခ) **အင်အားကြီး၊ တန်ခိုးကြီးသူများ အုပ်စိုးသောကာလ** – တဆင့်မှတဆင့် "ဂျဒန်ဂျလော်မုတ်" ဒေသသို့ ပြောင်းရွှေ့နေထိုင်စဉ်ကာလတွင် မျိုးနွယ်စုမှ အင်အားကြီး၊ တန်ခိုးကြီးသော ပုဂ္ဂိုလ်များမှ စီမံအုပ်ချုပ်ခဲ့သည်ကို နတ်ဟောဆရာများ၏ အလင်္ကာ၊ ကဗျာစာဆိုများအရ သိရပါသည်။

(ဂ) **ဇော်လောင်ဝေါ်အမျိုးများ အုပ်ချုပ်စီမံသောကာလ** – ဂျဒန်ဂျလော်မုတ်ဒေသမှ ရေကြည်ရာ မြက်နုရာ နယ်မြေရှာဖွေ၍ ပြောင်းရွှေ့လာခဲ့ရာ "ဇော်လောင်ဝေါ်"ခေါ် မိသားစုများသည် "ဇောလောဝရန်ဂေါင်" ဆိုသော မြို့ပြနယ်မြေ တိုးချဲ့ထူထောင်ခဲ့ရာ မြေပိုင်ရှင်၊ နယ်ပိုင်ရှင်များ ဖြစ်လာခဲ့ပြီး ဇော်လောင်ဝေါ်ဆိုသော မိသားစုဝင်များ အကြီးအကဲအဖြစ် မြို့ပြနိုင်ငံ ထူထောင်အုပ်ချုပ်လာခဲ့ကြပါသည်။

(ဃ) **ဂျမြင်လဖါမျိုးနွယ်စုများ အုပ်ချုပ်သောကာလ** – ဇော်လောင်ဝရန်ဂေါင် ခေတ်၏ နောင်းပိုင်းတွင် ဂျမြင်လဖာမျိုးနွယ်စုများသည် အကြီးအကဲအဖြစ် အုပ်ချုပ်လာခဲ့ကြသည် ဟု လက်ဆင့်ကမ်းလာကြပါသည်။

(င) **ဂျွမ်ဇနိ်ဂျွမ်ဖေါဂက်မျိုးနွယ်စုများ အကြီးအကဲအဖြစ် အုပ်ချုပ်သောကာလ–** *ဇော်လောင်ဝရန်ဂေါင် ဒေသမှ တဆင့် အချို့လော်ဝေါ်များ နယ်မြေသစ် ရှာဖွေခဲ့ကြရာ ဂျွမ်ဖောက်၊ လဖောက် မျိုးနွယ်စုများသည် ဖူလူဖူလား ဒေသကိုလည်းကောင်း၊ ဂျွမ်ဇနိ် မျိုးနွယ်စုများသည် ဒန်ဂီလူခူး ဒေသကိုလည်းကောင်း နယ်မြေထူထောင်၍ အကြီးအကဲ အုပ်ချုပ်သူလူတန်းစားအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။*

(စ) **ချမ်လွေ၊ ဂန်ဟောင်း မျိုးနွယ်စုများ အကြီးအကဲအဖြစ် အုပ်ချုပ်ခဲ့သောကာလ–** BC *၅၀၀ ခန့်မှ* AD *၅၀၀ ခန့်ကာလတွင် လော်ဝေါ်မျိုးနွယ်စုများ နေထိုင်ရာ ဇော်လောင် ဝရန်ဂေါင် ဒေသ၊ ဖူလူဖူလားဒေသ နှင့် ဒန်ဂီလူခူးဒေသမှ လော်ဝေါ်မျိုးနွယ်စုများသည် နယ်မြေသစ်များ ရှာဖွေရင်း မြန်မာပြည်မြောက်ဖျား၊ ယခု ခေါင်လန်ဖူး နှင့် ဆော့လော် မြို့နယ်များသို့ အသုတ်လိုက်၊ မျိုးနွယ်စုအလိုက် ရွှေ့ပြောင်း၍ နယ်မြေသစ်များ ရှာဖွေ ထူထောင်လာခဲ့ကြပါသည်။ ထို့သို့ ရွှေ့ပြောင်းလာခဲ့ကြရာ ချောင်ဒေ၊ ငေါရော် ဆိုသော ဒေသတွင် နယ်မြေသစ်ထူထောင်နေထိုင်သော ရုတ်မုန်ချမ်၏ မျိုးနွယ်စုများဖြစ်သော ချမ်လွေ၊ ဂန်ဟောင်း မိသားစုများသည် အုပ်ချုပ်သူ အကြီးအကဲဖြစ်လာကြသည်။ ထိုမှတဆင့် အုပ်ချုပ်သူ ချမ်လွေ၊ ဂန်ဟောင်း မိသားစုများမှ အချို့ဂျောမောလောက်ကွမ်ဇော် ဒေသသို့ ပြောင်းရွှေ့နေထိုင်ပြီး၊ ၎င်းဒေသတွင် အုပ်ချုပ်သူများ၏ အချုပ်အခြာဒေသအဖြစ် သတ်မှတ်၍ အုပ်ချုပ်နေထိုင် လာခဲ့ကြပါသည်။ (*AD *၅၀၀ မှ ၈၀၀ အထိ)*

(ဆ) **ဇော်ဘုတ်လရှူမျိုးနွယ်စုများ အကြီးအကဲအဖြစ် အုပ်ချုပ်သောကာလ** – *ဂျောမော လောက်ကွမ်ဇော်ဒေသတွင် ချမ်လွေဂန်ဟောင်း မျိုးနွယ်စုများ အကြီးအကဲအဖြစ် အုပ်ချုပ် နေစဉ်* AD *၈၀၀ ခန့်လောက်တွင် ဇောဘုတ်လရှူမျိုးနွယ်စုများထဲမှ ဇောဘုတ်ချော်ခေါင် သည် ထိုးထွင်းဉာဏ်ပါရမီ ထူးကဲစွာ ပြည့်စုံလာသည်ကို ၎င်းကာလတွင် အကြီးအကဲအဖြစ် အုပ်ချုပ်နေသော ချမ်လွေဂန်ဟောင်း မိသားစုဝင်သည် ၎င်းဇောဘုတ်ချော်ခေါင်အား အကြီးအကဲဖြစ်လာမည်ကို စိုးရိမ်ပူပန်လာသဖြင့် ဉာဏ်ပညာရည် စမ်းသပ်မှုအမျိုးမျိုး ဆောင်ရွက်ခဲ့ကြသော်လည်း ဇောဘုတ်ချော်ခေါင်သည် အရာရာတိုင်းကို ၎င်း၏ထိုးထွင်း ဉာဏ်ပညာပါရမီဖြင့် ကျော်ဖြတ်နိုင်ခဲ့ပြီး နောက်ဆုံးတွင် ဘုရားပေး၊ နတ်ပေး တန်ခိုးကြီးလာပြီး လော်ဝေါ်မျိုးနွယ်စု၏ အကြီးအကဲအဖြစ် လော်ဝေါ်မျိုးနွယ်စုများ လက်ခံခဲ့ကြရသည်။ ထိုအချိန်မှစ၍ ဇောဘုတ် အိမ်ထောင်စုများသည် လော်ဝေါ်အမျိုး၏ မှန်းဇုတ်မျိုးနွယ်စုများ ဖြစ်လာခဲ့ကြသည်မှာ ၁၉၄၇ ခုနှစ် အထိဖြစ်ပါသည်။*

**၂၃။ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ** – *လော်ဝေါ်လူမျိုးများတွင် နတ်ကူးလူးဆက်ဆံပေးသော ပုဂ္ဂိုလ်များ၊ လူနှင့်တိရစ္ဆာန်အကြား ကူးလူးဆက်ဆံပေးသော ပုဂ္ဂိုလ်များ နှင့် အခြားထင်ပေါ် ကျော်ကြားသော ပုဂ္ဂိုလ်များ ရှိခဲ့ကြပါသည်။*

(က) **Sam Gyu Myi" (ဆမ်ကျုမီး)–** *ဆမ်ကျုမီးဆိုသူသည် လူနှင့် နတ်တို့အကြား ကူးလူးဆက်ဆံပေးသော အမျိုးသမီး ဖြစ်ပါသည်။ နတ်ပြည်နှင့် နတ်သားများ၏ လိုအပ်ချက်ကို လူသားများထံသို့လည်းကောင်း၊ လူသားများ၏ လိုအပ်ချက်၊ နစ်နာချက်များကို နတ်များထံသို့လည်းကောင်း ကူးလူးဆက်ဆံ၍ အကျိုးပြုခဲ့သူ ဖြစ်သည်။*

(ခ) **Phyid' Sho" Lo, Sang: Qhang (ဖြိတ်လျှောလော့စန်ဟန်) –** *ဖြိတ်လျှောလော့စန်ဟန် သည် လူသားအမျိုးသမီးဖြစ်ပြီး လူစကားနှင့် တိရစ္ဆာန်စကားများကို သိရှိနားလည်သူဖြစ်ပြီး လူသားများ မုဆိုးလိုက်ခြင်း၊ ထောင်ချောက်များထောင်ခြင်း စသည်တို့၏ သတင်းကို တိရစ္ဆာန်များအား အသိပေး၍ သေဘေးမှ ကင်းဝေးစေခြင်း၊ တိရစ္ဆာန်များ၏ မကောင်းမှု/ကောင်းမှု အန္တရာယ်များ၊ သဘာဝဘေးကျရောက်မည့် နိမိတ်လက္ခဏာများကို လူသားများအား အသိပေး၍ ဘေးကင်းဝေအောင် ဆက်သွယ်ဆောင်ရွက် ကုသိုလ်ပြုခဲ့သော အမျိုးသမီးပုဂ္ဂိုလ်ထူး ဖြစ်သည်။*

(ဂ) **Mao: Byo' (မော်ဗျော့) –** *လော်ဝေါ်အမျိုးထဲတွင် စကားအပြောအဆို လိမ္မာရေးခြားမှုရှိခြင်း၊ မှသားစကားကို ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ ပြောဆိုတတ်ခြင်း ထိုးထွင်းဉာဏ်ပါရမီ ပြည့်ဝသူဖြစ်ပါသည်။ ၎င်းနှင့် ထိတွေ့သူတိုင်းကို ၎င်းနောက် တကောက်ကောက် မျှောပါလာနိုင်အောင် ပြောဆိုဟောပြောနိုင်သော ပုဂ္ဂိုလ်ထူး ဖြစ်ပါသည်။*

(ဃ) **Xao Zo: Byu (စော်ဇော်ဗျူ) –** *လော်ဝေါ်မျိုးနွယ်စုများ ပေါက်ဖွါးလာပုံ၌ မျိုးနွယ်သမိုင်းတွင် ပထမဦးဆုံး "ဗျူ" ဆိုသော လူသားဟု ပထမဦးဆုံး မှတ်တမ်းတင်ခံရသူ ဖြစ်ပါသည်။*

(င) **Byu Zo: Te: (ဗျူဇော်တေ) –** *လော်ဝေါ်မျိုးနွယ်များ ပေါက်ဖွါးဆင်းသက်လာပုံ သမိုင်းအရ ကချင်လူမျိုးနွယ်စုများနှင့် နာဂ၊ ကဒူးကနန်းတို့၏ ဘိုးအေဖြစ်ကြောင်း မှတ်တမ်းတင် ခံရသူ ဖြစ်ပါသည်။*

(စ) **Te: Mung: Yud, (တေမုန်ရုတ်) –** *တေမုန်ရုတ်သည် လော်ဝေါ်လူမျိုးများ ဆင်းသက် လာပုံ သမိုင်းကြောင်းအရ လော်ဝေါ်မျိုးနွယ်စုဝင်များနှင့် လာချိတ်လူမျိုးတို့၏ ဘိုးအေ ဖြစ်ပါသည်။ တေမုန်ရုတ်၏ သားယောက်ကျားလေး (၉)ဦးမှ လော်ဝေါ်လူမျိုးနွယ်စုကြီး (၁၇)နွယ် ပေါက်ဖွါးလာခဲ့ကြပါသည်။*

(ဆ) **Aung Phaung: Dang: (အောင်ဖေါင်ဒန်) –** *လော်ဝေါ်လူမျိုးမှ အကြားအမြင်နှင့် စျာန်ရပုဂ္ဂိုလ်ဖြစ်ပြီး လော်ဝေါ်စကားဖြင့် "ဇမ်ဂေါ်"(မနောင်ပွဲ) အကမူဟန်များကို နတ်ဘုံ/ကောင်းကင်သို့ စျာန်ကြွ၍ သွားရောက်သင်ယူရရှိလာပြီး ဤကမ္ဘာမြေပေါ်တွင် ဇမ်ဂေါ်(မနောင်ပွဲ) အစချီခဲ့သူ ဖြစ်ပါသည်။*

(ဇ) **Ba Lo Yaung Kham" (ဘလော်ယောင်ခမ်း) –** *လော်ဝေါ်စကားဖြင့် ဇမ်ဂေါ်(မနောပွဲ) ကကြိုးကဟန်၊ နတ်ပူဇော်ပသမှုများကို နတ်ဘုံသို့ စျာန်ကြွ၍ သွားရောက်ပါဝင်ခဲ့ရာမှ ကမ္ဘာမြေကြီးသို့ ပင့်ဆောင်ကခုန် လက်ဆင့်ကမ်းခဲ့သူ ဖြစ်ပါသည်။*

(ဈ) **Zao" Bug' Chao: Khao (ဇောဘုတ်ချော်ခေါင်)** – *လော်ဝေါ်အမျိုးသား ဇောဘုတ်ချော်ခေါင်သည် လော်ဝေါ်မျိုးနွယ် (၁၇)နွယ်အနက်မှ ဇောဘုတ်အနွယ်ဖြစ်ပြီး ထိုးထွင်း ပညာပါရမီ ပြည့်ဝသူဖြစ်၍ ဇောဘုတ်အနွယ်အတွက် ဘုရားပေး၊ နတ်ပေး တန်ခိုးရှိသူ ဖြစ်ပြီး ပထမဆုံး ဇောဘုတ်အနွယ် မုန်းဇုတ် ခေါ် အုပ်ချုပ်သူအကြီးအကဲ စတင်ဖြစ်လာသူ ဖြစ်ပါသည်။*

(ည) **Khao Dau: La Qae (ခေါင်ဒေါင်လရယ်)** – *၄င်းသည် ဇောဘုတ်အနွယ် မိသားစုမှ မုန်းဇုတ်ချော်ခေါင်၏မြေး၊ မြစ်၊ တီ၊ တွဒ် ဖြစ်ပြီး တိုက်ရည်ခိုက်ရည် လက်ရုံးရည် နှလုံးရည်နှင့် ပြည့်ဝသူ မုန်းဇုတ်အကြီးအကဲဖြစ်ပါသည်။ ၄င်းသည် တိုက်ရင်းခိုက်ရင်း ကွယ်လွန်သည်နှင့် ၄င်း၏ခြေရင်းတွင် ကျားကြီးတစ်ကောင်၊ ခေါင်းရင်းတွင် "ဓွမ်ဘောင်" ခေါ် မဟာစွန်ကြီးတို့သည် မိမိဇာတိမြေမှ ညီအစ်ကို မိသားစုများ ရောက်သည်အထိ စောင့်ရှောက်ပေးခဲ့သည်ဟု သိရှိရပါသည်။*

(ဋ) **Za Qang" Hhao" Lau: (ဇရန်ဟောင်းလောင်)** – *ဇောဘုတ်မျိုးနွယ်စုမှ ဇရန် ဟုခေါ်သော အိမ်ထောင်စုမှ ခွန်အားတန်ခိုး အလွန်ကြီးမားသူဖြစ်ပြီး သာမန်လူသားများ ထက် ခွန်အားကြီးမားသူဖြစ်ကြောင်း လော်ဝေါ် လူနေမှုဘဝတွင် မှတ်တမ်းတင်ခံရသူ ဖြစ်ပါသည်။*

၂၄။ **ရာသီဥတု ခေါ်ဝေါ်သတ်မှတ်မှုများ** – *လော်ဝေါ်(မရူ) လူမျိုးများသည် ရာသီဥတုကို ကြယ်၊ လ၊ နက္ခတ်တာရာတို့နှင့် ရေ၊ မြေ၊ တောတောင်သဘာဝ သစ်ပင်ပန်းမာလ်များ သီးပွင့်မှု၊ တိရစ္ဆာန်များ ပြောင်းရွှေ့အသိုက်အမြုံ ပြုလုပ်မှုကို ကြည့်ပြီး မိုးစောမည်၊ လေမုန်တိုင်းကျမည်၊ မိုးခေါင်မည် စသည်တို့ကို ခန့်မှန်း၍ မိမိတို့အသက်မွေးဝမ်းကျောင်းကို ပြုလုပ်လာခဲ့ကြပါသည်။ လော်ဝေါ်လူမျိုးများ ဖြတ်သန်းလာခဲ့သောဒေသအရ ရာသီဥတု (၄)ပါးကို ခေါ်ဝေါ်သုံးနှုန်း လာခဲ့ကြပါသည်။*

(က) *ရာသီဥတု (၄)ပါးတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။*

- (၁) Zin Vao Kheim: *(ဇိန်ဝေါ်ခွမ်)* – *မိုးဦးကာလ (မေ၊ ဇွန်)*
- (၂) Zin Gaung: *(ဇိန်ဂေါင်)* – *မိုးရာသီ (ဇူလိုင်၊ ဩ၊ စက်၊ အောက်)*
- (၃) Byao Gin *(ဗျော်ဂိန်)* – *ဆောင်းကာလ (နိုဝင်၊ ဒီဇင်၊ ဇန်နဝါ)*
- (၄) Xaung: Gaung *(စောင်ဂေါင်)* – *နွေရာသီ (ဖေဖော်၊ မတ်၊ ဧပြီ)*

၂၅။ **တစ်နှစ်အတွင်း လရေတွက်ပုံ** – *တစ်နှစ်အတွင်း လရေတွက်ပုံမှာ ကောင်းကင်ပေါ်မှ လကို ကြည့်ပြီး လဆန်း၊ လပြည့်၊ လကွယ် ကို ရေတွက်၍ တစ်နှစ်လျှင် (၁၂)လအဖြစ် ခေါ်ဝေါ်သတ်မှတ် ကြပါသည်။ (၃) နှစ်လျှင်တစ်ကြိမ်* Ma Qug, Gug, Lho" Khye' *ဆိုပြီး လော်ဝေါ်လအားဖြင့် (၉)လကို ဝါထပ်သည်ဟု တစ်လကို အပိုဆောင်းရေတွက်လာခဲ့ကြပါသည်။ တစ်နှစ်အတွင်း လများ*

*ရေတွက်သတ်မှတ်ခေါ်ဝေါ်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။*

| | | | |
|---|---|---|---|
| *(၁)* | Qu: Lho"*(ရှူလော)* | – | *ဇန်နဝါရီလ* |
| *(၂)* | Gaung Lho" *(ဂေါင်လော)* | – | *ဖေဖော်ဝါရီလ* |
| *(၃)* | Ma Ngo Lho" *(မငေါ်လော)* | – | *မတ်လာ* |
| *(၄)* | Ca Nyaid Lho" *(ချာညက်လော)* | – | *ဧပြီလ* |
| *(၅)* | Ca Ta: *(ချာတာလော)* | – | *မေလ* |
| *(၆)* | Caung Sam: Lho" *(ချောင်ဆမ်လော)* | – | *ဇွန်လ* |
| *(၇)* | Byid Lho"*(ဗျိတ်လော)* | – | *ဇူလိုင်လ* |
| *(၈)* | Ngo" Lho" *(ငေါလော)* | – | *ဩဂုတ်လ* |
| *(၉)* | Khyaug' Lho" *(ခြောက်လော)* | – | *စက်တင်ဘာလ* |
| *(၁၀)* | Nhaid' Lho" *(နှိုက်လော)* | – | *အောက်တိုဘာလ* |
| *(၁၁)* | She' Lho" *(ရှေ့လော)* | – | *နိုဝင်ဘာလ* |
| *(၁၂)* | Gug, Lho" *(ဂုတ်လော)* | – | *ဒီဇင်ဘာလ* |
| *(၁၃)* | M-qug Gug, Lho" | – | *(၃)နှစ်တစ်ကြိမ်ဝါထပ်လဖြစ်သည်* |

## ၂၆။ ရက်သတ္တပတ်အတွင်းရှိ နေ့များရေတွက်ပုံ။

ရက်သတ္တပ်အတွင်းရှိ နေ့များရေတွက်ပုံမှာ အောက်ပါအတိုင်း ရေတွက်သုံးနှုန်းကြပါသည်။

| <u>စဉ်</u> <u>စာပေသုံး</u> | <u>အရပ်သုံး</u> | |
|---|---|---|
| (က) Ba ne, (ဘာနေ့) | Dug, no: ba (ဒုတ်နော်ဘာ) | = တနင်္ဂနွေနေ့ |
| (ခ) Lho" ne, (လျော့နေ့) | Ban thug' d-ba (ဘန်ထုတ်ဒဘာ) | = တနင်္လာနေ့ |
| (ဂ) Ma: ne, (မာနေ့) | Ban thug' shid' ba (ဘန်ထုတ်ရှိတ်ဘာ) | = အင်္ဂါနေ့ |
| (ဃ) Cad' ne, (ချပ်နေ့) | Ban thug' sam ba (ဘန်ထုတ်ဆမ်ဘာ) | = ဗုဒ္ဓဟူးနေ့ |
| (င) Jhu: ne, (ကြူနေ့) | Ban thug' byid ba (ဘန်ထုတ်ဗြိတ်ဘာ) | = ကြာသပတေးနေ့ |
| (စ) Bo" ne, (ဘောနေ့) | Ban thug' ngo" ba (ဘန်ထုတ်ငေါဘာ) | = သောကြာနေ့ |
| (ဆ) So: ne, (ဆော်နေ့) | Ban thug' khaug' ba (ဘန်ထုတ်ခရောက်ဘာ) | = စနေနေ့ |

**၂၇။ Byu Caung: Zin (ဗျူချောင်ဇိန်) လော်ဝေါ်သက္ကရာဇ်** – *ဗျူချောင်ဇိန်ခေါ် လော်ဝေါ် မျိုးနွယ်စု သက္ကရာဇ်ကို လော်ဝေါ်မျိုးနွယ်စု (၉)ဦးအား မွေးဖွားခဲ့သော ဘိုးအေဖြစ်သူ ဗျူဇော်တေမှ စတင်ရေတွက်ခဲ့ကြပြီး* B.C *၂၈၀ ခန့်မှ စတင်ခဲ့သည်ဟု ယူဆရပါသည်။ ဗျူချောင်ဇိန်၏ အဓိပ္ပါယ်မှာ "ဗျူ" ဆိုသည်မှာ လူ၊ ချောင်ဆိုသည်မှာ ပြုစုစောင့်ရှောက် ထိန်းသိမ်းခြင်း၊ ဂုဏ်ပြုချီးကျူး မှတ်တမ်းတင်ခြင်းဖြစ်ပြီး၊ "ဇိန်" ဆိုသည်မှာ ခုနှစ်သက္ကရာဇ်ဟု အဓိပ္ပါယ်ရပါသည်။ အဓိပ္ပါယ် အပြည့်အစုံမှာ လူသားဖြစ်သည့် လော်ဝေါ်လူမျိုးနွယ်စုကို ပြုစုစောင့်ရှောက်ထိန်းသိမ်း မှတ်တမ်းတင်လာသော သက္ကရာဇ်ခုနှစ်ဟု အဓိပ္ပါယ်ရပါသည်။*

ငင်းမတိုင်ခင်ကလည်း လော်ဝေါ်လူမျိုးရှိခဲ့သည်မှန်သော်လည်း အခြားမျိုးနွယ်စု အဘိုးအဘွားများနှင့် ဘိုးဘွားပေါင်းခဲ့သော ကာလဖြစ်ပါ၍ ဗျူချောင်ဇိန်ခေါ် လော်ဝေါ်သက္ကရာဇ်တွင် ရေတွက်ထားခြင်း မရှိပါ။ ဗျူဇော်တေ မွေးဖွားနေထိုင်ခဲ့ရာအရပ်သည် "ဇော်လောင်ဝရန်ခေါင်" ဒေသ၊ ယခုခေတ်အခေါ်အဝေါ် မဲခေါင်မြစ်ဖျားအရပ်ဒေသ ဖြစ်နိုင်သည်ဟု ရှေးလော်ဝေါ်လူကြီးများ၏ အလကာၤ၊ ကဗျာများအရ ခန့်မှန်းရပါသည်။ ခရစ်သက္ကရာဇ် ၂၀၁၆ ခုနှစ်တွင် လော်ဝေါ်မျိုးနွယ်စု၏ ဗျူချောင်ဇိန် (Byu Caung: Zin) သက္ကရာဇ်မှာ ၂၂၇၈–၇၉ ရှိခဲ့ပြီးဖြစ်ပါသည်။

စုဆောင်းတင်ပြသူ–

ဦးလဂန်ဒေါင်ဟောင်း